အသစ်စက်စက်(စ/ဆုံး)လုံးချင်းရုပ်ပြ

# ဗျူး၏ ကာရှုကြီး

ပါဝင်သော

## အဖေ့မှာတမ်း



ပန်း၊ ချိုသိန်း ဝဇ္ဇကြည်
2014


ဖေဖေသည် ကျွန်တော်နှင့်
အလှမ်း မရှိသော အရပ်တွင်
မေမေ့ကို ဘာကြောင့် ထားခဲ့
မှန်း ကျွန်တော် မသိပါ...
သိအောင် ကြိုးစားတိုင်း
လည်း အမြဲတမ်း ရှောင်လွှဲ
ပြောတတ်သော စကားများ
နှင့်သာ ကျွန်တော် ကျေ
နပ် ခဲ့ရသည်.....
သား သိထား
ဖိုးက ငွေကြေးပြည့် စုံ
တဲ့ မင်းအမေ အသိုင်းအဝိုင်း
ကို ငွေကြေး ချို့တဲ့တဲ့ မေမေ့
လို လူမျိုးတိုးဝင် မိတာ...


ဘယ်လောက် အထိ ဖိနှိပ် ခံရပြီး မျက်နှာ ငယ် ရတယ် ဆိုတာ သား စဉ်းစား ကြည့်လိုက်တော့....
မှားတယ်..
ကျွန်တော် သေချာ စဉ်းစား၍ မရ... သို့သော် ခပ်ရေးရေးတော့ မှတ်မိ နေပါသည်......မေမေ တဖြစ် တောက်တောက် ပြောဖူးသော ဖေဖေ၏ဂုဏ် ဒြပ်များကို ကျွန်တော် အလွတ် ရနေခဲ့၏...
ငါ့အဖေ က လေယာဉ် ဒလိုင်ဘာ ကွ.....
အံမယ်.. ငါ့ အဖေက ဒလိုင်ဘာ ထက် သာတဲ့ ရုပ်ရှင် ဒါရိုက်တာကွ...
မှူကြီး မင်း အဖေက ရော...
ဒုက် ဒုက် ဒုက် ဒုက်
ကျွန်တော် ရုတ်တရက် သူတို့ ထက် သာအောင် ဘာပြောရ မှန်း မသိ...မေမေ ခဏခဏ ပြောဖူးသော ဖေဖေ၏ဂုဏ် ဒြပ် များကို ကျွန်တော် အလွတ်ရ နေခဲ့၏....
ဪ....မင်းတို့ အဖေတွေထက် ငါ့အဖေ က သာတယ်....
မင်း အဖေက ဘာမို့လို့ လဲ.....



ဆန်ကုန်မြေလေးတွေ..
သူငယ်ချင်း အားလုံး မှင်သက်သွားကြသည်.......ဘာကောင်ကြီးလဲဟု ဧဝေဧဝါ တွေးတောနေပုံလည်း ရသည်...
အေး နော်...
ဆန်လည်း ကုန်မယ်..
မြေလည်း လေးမယ် ဆိုတော့
နည်းနည်းနောနော ဟာကြီး
တော့ ဖြစ်မယ် မထင်ဘူး...စဥ်း
စားစမ်း...
ဘာပဲပြောပြော အမေ့အတွက် ကျွန်တော် ရင်ကော့ ဂုဏ်ယူမိသည်.....တကယ်တမ်းတော့ ဖေဖေသည် ရုံးတစ် ရုံးမှ ဝန်ထမ်း တစ် ဦးသာ ဖြစ်သည်.....ဘာရာထူးမှန်းတော့ ကျွန်တော် မသိ......ဖေဖေ၏ နေ့စဥ် ဝတ္တရားများတွင် နံနက် ရှစ်နာရီလောက် အိပ်ရာမှ ထသည်...


ဦးလျှင် အိမ်ဖော်ဒေါ်ကြီး ပြင်ပေးသော ထမင်းကြော်နှင့် ကော်ဖီ သောက်သည့်.....တစ်ခါတစ်ရံ စောစောလာတတ်သော သတင်းစာကို စိမ်ပြေနပြေ ဖတ်သေး၏....
ဆေးလိပ် တစ်လိပ်နှင့် အိမ်သာ ဝင်သည့်....
ကိုဘသော် ရှင် ဒီအချိန်ထိ ရုံး မသွားသေးဘူးလား...
ဟိုက်..... သေလိုက် ပါတော့... ငါက ရုံးရောက်နေပြီ မှတ်လို့...
ဟွန်း.. ရာထူးတော့ တက် ဦးမယ်....


ကျွန်တော် နားမလည် နိုင်သော အချက်မှာ.... လကုန်ရက် မေမေ လခ အပ်သည့် အခါတိုင်း ပြုံးရွှင်နေရမည့် အစား မေမေ့မျက်နှာ ရှုံ့ ခေါက် ချိုးထားခြင်းပင် ဖြစ်လေသည်....
ဟင်း....ရှင့် လစာသာ အားကိုးနေ ရရင် ကျွန်မ ဟိုအတန်းထဲ ရောက်သွားတာ ကြာပြီ...
ဘယ် အတန်းကို ပြောတာ လဲ မေမေ...
တယ်... ဒီ ကလေး မသိရင် အသာ နေစမ်း ပါ...
အေးကွာ... ငါ့မှာလည်း လခစား ဝန်ထမ်း ဆိုတော့ သတ်မှတ်သလောက် ပဲ ရနိုင် မှာပေါ့...
မေမေ့မျက်နှာ ညှိုးကျသွား သည်....မေမေက နှုတ်ခမ်း တစ်ဖက် တွန့်လျက် မျက်စောင်း တစ်ချက် ထိုးကာ အိမ်ထဲ ဝင်သွားသည်.....
ဟွန်း..


ကျွန်တော် သတိထားမိသလောက်....မေမေတို့ တစ် မျိုးလုံး ဖေဖေ့အပေါ် အုပ် မိုးလွှမ်းသည်.....ဖေဖေ မျက်နှာငယ်လေးနှင့် တိတ်ဆိတ်နေတိုင်း ကျွန်တော် ဖေဖေ့ကို ကရုဏာ သက် မိသည်....
ဖေဖေ မျက်နှာအရမ်းငယ် သွားပြီ....
ဘာမှ မပူနဲ့ ဖေဖေ...သား ကြီးလာရင် ဖေဖေ့ကို ပိုက်ဆံ တွေ အများကြီး ရှာပေးမှာ ပေါ့....အခု ဖေဖေ ဘာလုပ်ချင် လဲ ပြော....
အေးကွာ... ဖေဖေလည်း စိတ် ညစ်တယ်...
အဲဒီ ငွေ မျှော်နိုင်တာကြီးကိုက ဖေဖေ့ဘဝမှာ အပြစ် ဖြစ်နေ ရတယ်.....အရက်သောက်ချင် တယ်ကွာ....
သောက် သာသောက် ဖေဖေ.. သားမှာ ပိုက်ဆံရှိ တယ်....


မခံချင် စိတ်နှင့်သာ ဖေဖေ့ကို ပြောလိုက်ရသည်...အရက်ဆိုသည်ကို ကျွန်တော် ဘာမှန်းမသိ...အနံ့လေးကတသင်းသင်းနှင့် ကုတ်ကုတ်လေး ဝင်လာတတ်သော ဖေဖေ့အား မေမေသည် အမေ တစ်လုံး...နှမ တစ်လုံးနှင့် အိမ်ဝမှ ဆီးကြိုသည်ကိုသာ သိသည်...
မေမေ
ကလည်း....ဒါလေ သောက်တာနဲ့ ဖေဖေ့ကို ဆူလိုက်တာ လွန်ရော.... ဖေဖေ သနားပါတယ်...
အံမယ်... အမျိုး ဘိုးတူ လေး...
သွားစမ်း နင် မသိဘဲ ဝင် မပါနဲ့..


ဒီမှာ ကိုဘသော် ....ရှင် ဒီလို မှန်း သိရင် အစကတည်းက မေမေတို့ ပေးစားတဲ့ ကာတွန်း ရွှက်သစ်ကို ယူလိုက်တယ် သိလား....
ဟုတ်ပ....
ဟုတ် ပါတယ်...ဟုတ် ပါတယ်....
ကြာတော့......မေမေ အိမ်ကို သိမ်မကပ်တော့... အလုပ် အားရက်တိုင်း ကျွန်တော့်ကို ခေါ်၍ ထွက်ပေါက် ရှာသည့်....မေမေ အမြဲတမ်း လွှတ်လပ် မှု ရှာသည့် နေရာမှာ ကန်တော်ကြီးတွင် လှေစီး၍ တရစပ် အကျယ်ကြီး အော်ဟစ် ခြင်းပင် ဖြစ်သည်...
မဟုတ်ဘူး ဗျား
မဟုတ်ဘူး ကွ
မဟုတ် ဘူး
ဟာ....
တို့ ရပ်ကွက်ထဲက ကိုဘသော် ကြီး မဟုတ်လား...


သူ...ဘာ ဖြစ်လို့......မဟုတ်ဘူး.. မဟုတ်ဘူး ချည်းပဲ အကျယ်ကြီးပဲ အော်နေရတာလဲ...
သူက ရုံးက အောက်ဆုံး ဝန်ထမ်းလေ....
ဟာ....ခင်ဗျား အသုံးစရိတ်ကလည်း ကုန်တာ မြန်လှချည်လား....လ တောင် မကုန်သေးဘူး..
ကုန်သယ် မျိုးရိုးလေ..ကုန်ရင်တော့ သယ်မှာပေါ့..
အခု သူ ရုံးအားရက်ထွက်ပေါက်ရှာ အနားယူတာ ဖြစ်မှာပေါ့...


ဂျင်းစိမ်းနဲ့ မိတ်သလင် သူကြင်မှ ကိုယ်ကြင် ဆိုသော စကား၏ အဓိပ္ပါယ်ကို ကျွန်တော်လည်း ကောင်းကောင်း မသိပါ...
မေမေက ဆူပါများတော့ ဖေဖေလည်း လုပ်ချင်ရာ လုပ်ကာ မွှေဖောက်လာခဲ့သည်...
တောက်.. အိမ်ဘေးက မအိန္ဒိုင် လို အမျိုးသမီးနဲ့ ဖေဖေနဲ့ ရှင် ဘယ်လောက်တောင် ကောင်းတဲ့ အိမ်ထောင်ရေး ဖြစ်မလဲ...
ဘာဖြစ် လို့လဲ ဖေဖေ..အန်တီ အိန္ဒိုင်က သဘောကောင်း လို့လား...



သဘော ကောင်းမကောင်းတော့ မသိဘူး...ကိုယ်ကာယ တောင့်တင်း ခိုင်မာမှု ကောင်းတာတော့ သားအမြင် ပဲမဟုတ်လား...
တစ်နေ့.....စိန်နားကပ် အရောင်းအဝယ်ကိစ္စ နှင့် အန်တီ အိအိခိုင် မေမေနှင့် လာတွေ့သည်...ဘာတွေ သဘောတွေ့နေကြသည်တော့ မသိ....အန်တီအိအိခိုင် ပြန်ကာနီးတော့ အနားတွင်ရှိသော ကျွန်တော့်ကို နှုတ်ဆက် ခိုင်းသည်..
ဒီကိစ္စ ကတော့ မင်္ဂလာပဲ အိအိခိုင်ရေ...ကဲ...သား..အန်တီကို နှုတ်ဆက်အနမ်းလေး ပေးလိုက် ပါဦး...
ဟင့်အင်း... မပေးချင်ဘူး....ဟိုတစ်နေ့က ဖေဖေ သူ့ကို မွှေးမွှေးနဲ့ နမ်းတော့...ဒီအန်တီက ဖေဖေ့ကို ကက်ကက်လန် ရန်တွေ့ တယ်...
ဟာ!


ကျွန်တော့် စကား
အဲသည်လောက်အထိ
တာသွားလိမ့်မည်ဟု
မထင် မိခဲ့....ဘယ်
လောက်များ တာသွား
ခဲ့သနည်း ဆိုလျှင်
ဖေဖေ ရုံးမှ ပြန်ရောက်
ရောက် ခြင်း တွေ့သမျှ
ပစ္စည်းနှင့် မေမေ
ဆီးကြိုကာ ပစ်ပေါက်
သည်...
ဖေဖေ ဘာမှ မပြောပါ...
မေမေ လုပ်သမျှ ခေါင်းငုံ့
ကာ ငြိမ်သက်နေခဲ့သည်...
အမျိုးယုတ်
ကာလနာ..နင် ဒိန္ဒိုင်
ကို ဘာသွားလုပ် ခဲ့လဲ
ပြောစမ်း..ကဲ..
ချ....ချ
အဲဒီ သနပ်ခါးတုံးနဲ့
အသားကျန် ချ....
ချမှာ..
ချကို ချဦး
မှာ...
မေမေ့ ဒေါသ ငယ်ထိပ်ပေါ်ရောက်၏..ရှေ့
လက်နက် ဆွဲကိုင် ပြီး သိမ်းကျုံး ရိုက်သည်
အထိ ပြင်းထန်လာသည်....


မခံနိုင်သည့် အဆုံး ဖေဖေ စားပွဲပေါ်ရှိ ဖုန်းကို ကောက်လှည့် လိုက်သည်
ဟဲ...ဟဲလို ရုံးခန်းက ပါလား ခင်ဗျာ..ဟိုလေ..အိမ်တစ်အိမ် မှာ ယောကျ်ားတစ်ယောက် ကို
မိန်းမ တစ်ယောက်က မတရား နိုင်ထက် စီးနင်း ပြုနေပါတယ်....အမြီး ဗျ...
အခု ပြောနေတာကရော ဘယ်သူလဲ...
ယောကျ်ား...


ထိုကိစ္စ နှင့်ပတ်သက် ၍ မေမေက
ဖေဖေ့ကို အိမ်ပေါ်မှ နှင်ချသည်..
ဖေဖေက မဆင်း...
ညဉ့်နက် ၍ လူခြေတိတ်သော အခါမှ ကျွန်တော့်
ကို တိုးတိုးသက်သာ လက်ကုပ် ၍ ပြောသည်...
သား...
ဖေဖေ့ကို သနားရင်
ဖေဖေနဲ့ လိုက်ခဲ့ပါ
လားဟင်...
ဖေဖေ မျက်ရည်
ဝဲတော့ ကျွန်တော်
တကယ်လည်း
ဖေဖေ့ကို သနား
သည်...
ဖေဖေ
ဘယ်ကို သွားမှာလဲ
ဟင်....
သား
အမေ မသိတဲ့
တစ်နေရာရာကို
ပေါ့...
ကျွန်တော်
ခေါင်းညိတ်ပြ
လိုက်သည်....


မေမေ ပြောင်ရောင်
သလောက်...
ဖေဖေက ကိုင်နေ
ကျ နွမ်းလျှလျှ
လွယ်အိတ်တွင်
အဝတ်အစား တစ်စုံ
နှစ်စုံ ထည့်၍...
ကျွန်တော်တို့ သား
အဖ အိမ်မှ တိတ်
တဆိတ် ထွက်လာ
သော အခါ..
ညသည်...
မီးမလင်းသော ဓာတ်တိုင်
များနှင့် ခိုင်ခိုင်မာမာ ရပ်တည်
နေလေပြီ....
တစ်နေ့နှင့် တစ်ည ခရီး
ဆက် ခဲ့ကြသည်...ကျွန်တော်
တို့ ရောက်ရှိသော မြို့ပြ
သည် အင်မာတာ ယဉ်ကျေး
မှု များဖြင့် လင်းလက်စွာ
တောက်ပလျက် ရှိသည်....
OK
KTV
SPORT


သားရေ..
မေမေ့ ဘဝတော့
ဒုက္ခသင့်ပြီ..
BEDC
လာကွာ.... လွတ်လပ်တဲ့ အထိမ်း အမှတ် နဲ့ တစ်ခွက်တစ်ဖလား သောက် မေမေဝင်ချင် တယ်....
မေ့သဘော.. မေ့သဘော..
လောက၏ လွတ်လပ်ခြင်းကို တရှိုက်မက်မက် မစားသုံးရတာ ကြာပြီဟု မေမေ တွေတွေနှင့် ပြောသည်....
ဟင်း ဟင်း.... ဒါတောင် မေမေက မယား ငယ် ယူသေးတာ မဟုတ်ဘူး နော်...ယူ များ ယူမိရင်..
မယားငယ် ဆိုတာ ဘာကောင်လဲ မေမေ....
သားအမေ ဘယ်လောက်တောင် မေမေ့ကို ရက်စက်မလဲ မသိဘူး...







ကျွန်တော် နားမလည် ပါ...နားလည်ရန်မလို ဟုလည်း ထင်ပါသည်.....လတ်တလော ဖေဖေ၏ လွတ်လပ်စွာ ပျော်ရွှင်မှုကို ကြည့်ရင်း သားတစ်ယောက် အနေ နှင့်လည်း ဖေဖေနှင့်အတူ ကြည်နူး ပျော်ရွှင်နေမိသည်.....





အရပ်ကတို့ရေ.. အရပ်ကတို့ရဲ့..
ညဉ့်နက် ကျယ်လောင်စွာ ပေါ်ထွက်လာသော ဖေဖေ့ အသံကြောင့် တိုက်ခန်းများ မီးလင်း၍ ပြတင်းများ ပွင့်လာကြသည်....
သူတို့၏ မျက်နှာတွင် အံ့သြ စိုးရိမ်မှု နှင့်အတူ စိတ်လှုပ်ရှားစွာ ဖေဖေ့အား ဝိုင်းကြည့်ကြ၏...
အရပ်ကတို့ ရေ.....မျက်နှာလွှဲထားကြ ပါ ခင်ဗျာ....ကျွန်တော် ရှူး ရှူး ပေါက်မလို့...
ဖေဖေ ကတော့ လုပ်ချ လိုက်ပြီ...


ကျဘာခါးလှုပ်....ကြိုညာလို အိပ်... ရှူး စားသော ဖေဖေသည်...
နေ့စဉ် ဂရုတစိုက် လုပ်သည့် အလုပ်မှာ ကျွန်တော့်ကို ကျောင်းပို့ ကျောင်းကြို ဝတ္တရား မပျက် ခဲ့ခြင်းပင် ဖြစ်သည်


ဟာ...သား ဘာဖြစ်လို့ ငိုပြီး ပြန်လာတာလဲ ပြောစမ်း..သားကို ဘယ်သူ အနိုင်ကျင့်လိုက်သလဲ ဆိုတာ....
အတန်းကြီး သမား တစ်ယောက် က သားကို ထိုးလိုက်တယ် ဖေဖေ....
ဟုတ်လား... သားကို ထိုးတဲ့ကောင် ကို သားမှတ်မိတယ် မဟုတ်လား...တောက်...ဖေဖေနဲ့ တွေ့မယ်....
သိပ်မှတ်မိ တာပေါ့....သားတင် မက ဘူး.....တွေ့တဲ့သူတိုင်း သူ့ကိုမှတ်မိ မှာ သေချာတယ် ...အခု သူ့နားရွက် တစ်ဖက်က သား လွယ်အိတ်ထဲမှာ ပါလာတယ်လေ...


မေမေနှင့် လမ်းခွဲခဲ့ ကတည်းက အမြဲတမ်း လွတ်လပ်ပြီဟု ထင်နေသော ဖေဖေသည် ထိုနေ့က ထူးထူးခြားခြား မျက်နှာ အုံ့ဆိုင်းနေခဲ့သည်....
ဖေဖေ သောက်နေကျ လစ်မစ်ထက်လည်း ပိုနေ၏...အိမ် တံစက် မြိတ်အောက်တွင် ပက်လက် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ် တစ်ခွက် ပြီး တစ်ခွက် သောက်နေသော ဖေဖေ၏ မျက်ဝန်းတွင် မျက်ရည်များ စုဝေး အိုင်ထွန်းလာသည်.....
ဖေဖေ ထမင်း စားရအောင်...
သား စားနှင့် ကွာ...
ဖေဖေ မစားချင်သေး လို့....


ရင်ခေါင်းသံဖြင့် လှိုက်လှဲလွန်းသော ဖေဖေ့ အသံကြောင့်
အနီးတွင် ကျွန်တော် ရှိုးရှိုးလေးထိုင်ကာ မေးဖြစ်သည်...
ဖေဖေ ဘာဖြစ်လို့လဲ ဟင်....
အေးကွာ... သားအမေက သူတို့ အသိုင်းအဝိုင်းက သဘောတူ တဲ့သူနဲ့ နောက်အိမ်ထောင် ပြုသွားပြီ...


ဘာဖြစ် လဲ ဖေဖေရဲ့..သူဟာ သူ ယူတဲ့ဟာကို....ဖေဖေပဲ မေမေ့ကို မတွေ့ ချင်ဘူး ဆို....
အခု ဖေဖေ ဝမ်းနည်း နေသလား.....ဖေဖေ့အနား မှာ သားရှိရင် ပြီးရော ဆို...
ဟား ဟား ဟား...သိပ်ဟုတ်တာ ပေါ့....ငါ့သား ဖေဖေ့အနားမှာ ရှိဖို့ကအဓိကပဲ...လာ သား ထမင်း စားကြမယ်...


ဝေ့ဝဲစီးကျနေသော မျက်ရည်
တို့ကို ဖေဖေ လက်ဖဝါးကြမ်း
ကြီးဖြင့် တစ်ချက်သုတ်ရင်း
ကျွန်တော့်ကို တင်းတင်းကျစ်
ကျစ် ဖက်လျက် တရှိုက်
မက်မက် နမ်းပါသည်...
ဪ... ဖေဖေရယ်...
ဘာကြောင့်မှန်း
မသိ....ထိုခဏ၌
ကျွန်တော်
မျက်ရည် ကျဲ့
လေသည်....
မေလ....ကုန်သွားသည်...
ဇွန်လ....ကုန်သွားသည်...
ဇူလိုင်လ...ကုန်သွားသည်...


ထို ကာလမျိုး ဆယ် ခြောက်နှစ်
ကုန်လွန် ခဲ့၏
အချိန်ကာလ ပြောင်းလဲနေသော်လည်း မပြောင်းလဲ
သော ဖေဖေက သစ္စာရှိရှိ သောက် မြဲ သောက်၏...
ဟောဒီ တစ်ခွက်က ငါ့ အတွက်...
ဟောဒီ တစ်ခွက်က ဇနီးဟောင်း မြသွန်းမေ အတွက်...
ဟောဒီ တစ်ခွက်က မှာသာ ထဒီကြာအတွက်...
ဂွပ်
ဟောဒီ တစ်ခွက်က နိုင်ယာနာ ဟောဒီ.....ဟောဒီ....


ကြာတော့ ဖေဖေက အရက်ကိုသောက်နေခြင်းမျိုး မဟုတ်တော့....အရက်က ဖေဖေ့ကိုသောက်နေခြင်းသာ ဖြစ်လေသည်....
ကျွန်တော် မှတ်မိနေသည်...အိပ်ရာထဲတွင် ကျွန်တော့်ကို ဖက်လျက် ဖေဖေ ငိုသောညက ဖေဖေ ကွယ်လွန်ခဲ့ပါသည်......ဆရာဝန်၏ မှတ်ချက်အရ အသည်းခြောက်ရောဂါဟု အမည်တပ်ပေးခဲ့သည်....
ဖေဖေရယ်... ဒီလောက်ထိ တစ်ခွက်ပြီး တစ်ခွက် အသည်း စို အောင်...
ဦးဘ သော် အသက်(၅၂)နှစ်
တခွပ်ခွပ် နဲ့ သောက်လျက်က အသည်းခြောက်ရောဂါဖြစ် ရတယ်လို့...အီး ဟီး ဟီး....ရင် နာလိုက်တာ ဖေဖေ ရယ်...
ကြားတယ် နော် မြူသစ်..တစ်ချိန် လုံး သောက်နေတာတောင် အသည်းခြောက်ရောဂါဖြစ် တယ် ဆိုရင် မသောက်များ မသောက်ရင် ဒုက္ခ...
လာကွာ အောင့်တင့် သွားချ ကြရအောင်.....မဖြစ်ခင်က ကြိုတင် ကာကွယ်တာ အကောင်းဆုံးပဲ...


အထီးကျန်ဆန် ခြင်းနှင့်
နေသားတကျ ရှိခြင်းတို့ကို
ကျွန်တော် ခင်းကျင်း မပြနိုင်
သေးပါ....ကျွန်တော် ဖေဖေ့
ကို လွမ်းပါသည်....ဖေဖေနှင့်
ပတ်သက်သော အမွေဟူ၍
ကျွန်တော့် အတွက် စာ
တစ်စောင်သာ ဖေဖေ ရေးသား
ထားခဲ့သည်....
အင်း....ဖေဖေ
တို့ကတော့ လုပ်ပြီ..
ရိုးရိုး မှာခဲ့လည်း ရသားနဲ့..
ခုတော့ ခေါင်းရှုပ်ရဦး
မယ်....
ဟိုး ရှေးတုန်းက ဉာဏ်ပညာ ရှိသော
သူဌေးကြီး တစ်ဦးသည် ကွယ်လွန်ကာနီး၌
သူ၏ သားကိုပဟေဠိ ဆန်သောစာသုံးကြောင်း
ဖြင့် ဆုံးမခဲ့ဖူးလေသည်.....လူတိုင်းလည်း
သိမည် ထင်ပါ၏...ဆိုပါစို့...အိမ်နောက်ဖေး
မှာ ရွှေဆိုင်တည်ပါ...
ရူးလောက်တဲ့
အဖြစ် မျိုးလည်း ကိုယ်
တိုင် မတွေ့မိသေးပါ
ဟာ ဟ...


ခေါင်းတစ်ရာ သားကို စားပါ....
ခေါင်း ချည့် ပဲ တစ်ရာကျတဲ့ အသား ပေးပါ...
ခေါင်းသုံးလုံးနှင့် ပညာရှိကို ဆည်းကပ် ပါ ...
စသည် ဖြင့်...ဖေဖေလည်း ထိုနည်းတူခပ်ဆင်ဆင်
စာများ ကျွန်တော့်အတွက် ရေးခဲ့သည်....
ဦးသား
၁။ အိမ်နောက်ဖေးမှာ ရှူးရှူး ပေါက်ပါ ..
ဒုက္ခပါပဲ... ဖေဖေ ဘာကို ပြော ချင်တာလဲ မသိ ဘူး...
ကျွန်တော် ဘာကိုမှ စဉ်းစား၍ မရ...ပထမ
စာကြောင်းနှင့် ဦးနှောက်က ခြောက်ချင်
လာသည်....အိမ်နောက်ဖေးမှာ ရှူး ရှူး ပေါက်
ပါတဲ့....ဘယ်သူကရောအိမ် ဦးခန်းမှာပေါက်မှာ
တဲ့လဲ.....ဘာပဲဖြစ် ဖြစ် ကျွန်တော် သွားပေါက်
ကြည့်သည်....

အိမ်သာ ထရံတွင်
ရေးထားသော
နောက်ထပ် စာ
တစ်ကြောင်းကြောင့်
ကျွန်တော် ပို၍
ဦးနှောက် ခြောက်
သွားသည်...




ကျွန်တော် စဉ်းစားကြည့်သည်....ဝမ်းများများ သွားရန် အစားများများ စားရန်ပင် ဖြစ်၏...
ကျွန်တော် နေ့စဉ် ရက်ဆက် ကုလားပဲဟင်းချည်း ချက် ၍ စားဖြစ်




ဖေဖေ့ ဆန္ဒ ပြည့်၏.....တဗွမ်းဗွမ်း တဝွမ်းဝွမ်း

